# ၁၉၆၂ ခုနှစ်၊ ပြန်လည်ထူထောင်ရေးအဖွဲ့ အက်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေ အမှတ် ၂၅။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ပြန်လည်ထူထောင်ရေး အဖွဲ့ အက်ဥပဒေကိုပြင်သည့်ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၅၀ ပြည့်နှစ်၊ပြန်လည်ထူထောင်ရေးအဖွဲ့အက်ဥပဒေတွင်၊ပုဒ်မ ၂၇ အစား၊အောက်ပါကို၊ပုဒ်မ ၂၇ အဖြစ်ထည့်သွင်းရမည်။

*ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက၊ အဖွဲ့၏ အာဏာများကိုရုပ်သိမ်းနိုင်ခြင်း။*

''၂၇။ ။(၁) ဤအက်ဥပဒေအရပြီးမြောက်အောင် ဆောင်ရွက်ရန် ရည်ရွယ်ထားသောကိစ္စများကို၊အဖွဲ့က စည်းကမ်း တကျ ပြီးမြောက်အောင် မဆောင် ရွက်သည့်ပြင်၊ ဆောင်ရွက်မည့် လက္ခဏာလည်းမရှိဟူ၍ငင်း၊ အာဏာများကိုအပ်နှင်းထားသည်ထက်ပို၍သုံးစွဲခြင်း၊ သို့တည်းမဟုတ် အဖွဲ့သုံးစွဲခြင်းပြုသည်ဟူ၍ငင်း ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက၊မည်သည့်အခါတွင်မဆို ထင်မြင်သဘောရရှိလျှင်၊ ထို အာဏာများကို၊အမိန့်ကြော်ငြာစာထုတ်ပြန်၍ ရုပ်သိမ်းနိုင်သည်။

(၂) ထိုသို့အဖွဲ့၏ အာဏာများကို ရုပ်သိမ်းသောအခါ၊ အောက်ပါ အတိုင်း အကျိုးသက်ရောက်ရမည်။

(က) အဖွဲ့ဝင်အားလုံးသည်၊ ပုဒ်မခွဲ (၁) အရ၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့ရက်မှစ၍ရာထူးမှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) အဖွဲ့၏အာဏာနှင့် တာဝန်ဝတ္တရားအားလုံးကို၊ ထိုသို့ရုပ် သိမ်းထားသည့် ကာလအပိုင်းအခြားအတွင်း၊ သုံးစွဲဆောင် ရွက်ရန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌခန့်ထားသည့် ပုဂ္ဂိုလ်၊ သို့တည်းမဟုတ် ပုဂ္ဂိုလ်တို့က သုံးစွဲဆောင်ရွက်ရမည်။

(ဂ) ထိုသို့ရုပ်သိမ်းထားသည့် ကာလအပိုင်းအခြား အတွင်း အဖွဲ့ပိုင် ပစ္စည်းအားလုံးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန် ရေးကောင်စီ ဥက္ကဋ္ဌ ၌ တည်ရှိရမည်။''